KPSN

Karen Peace Support Network

# အာရှအဝေးပြေးလမ်းမစီမံကိန်းသည် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအား ထိခိုက်လျော့ပါးစေသည်။

*အသစ်ပြီးစီးသွားသော မြဝတီမှကော့ကရိတ်သို့သွားသည့် အဝေးပြေးလမ်းမတလျှောက် ပြင်းထန်သည့်တိုက်ပွဲများဖြစ်ပွားခြင်းက ပြသလိုက်သည်မှာ တည်မြဲသောအပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးသဘောတူညီချက်များမရရှိသေးမီ အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများအား အကောင်အထည်ဖော်ခြင်းသည် ပဋိပက္ခအားပိုမိုဆိုးရွားစေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ထိခိုက်လျော့ပါးစေကာ ပြည်သူလူထု၏လုံခြုံရေးကိုလည်း ထိခိုက်စေခြင်းဟူ၍သာ ဖြစ်သည်။ တာဝန်ရှိအဖွဲ့အားလုံးမှရန်လိုတိုက်ခိုက်မှုအားလုံးအားချက်ချင်းရပ်တန့်ကာ အဝေးပြေးလမ်းမနှင့်ဆက်နွယ်၍ဖြစ်ပေါ်လာသည့်ပြဿနာအရပ်ရပ်ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ညှိနှိုင်းဆွေးနွေးမှုမှတစ်ဆင့် ဖြေရှင်းသွားရမည်ဖြစ်သည်။*

**ဆက်သွယ်ရန် -** စောကျော်စွာ +၉၅ (၀)၉၇၉၄၅၂၀၅၆ (ဗမာ၊ ကရင်နှင့် အင်္ဂလိပ်ဘာသာ)
Naw Hsa Moo +၆၆ (၀)၈၁၇၄၀၈၁၁၉ (ကရင်နှင့် အင်္ဂလိပ်ဘာသာ)
Email kpsn14@gmail.com

**(ဇူလိုင်လ ၁၀ ရက်၊ ၂၀၁၅) -** မြဝတီနှင့်ကော့ကရိတ်မြို့များကိုချိတ်ဆက်သည့် အာရှအဝေးပြေးလမ်းမ၏ လတ်တလောတည်ဆောက်ပြီးစီးသွားသောအပိုင်းတွင် မြန်မာစစ်တပ်နှင့်ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) တို့အကြားဖြစ်ပွားသည့်တိုက်ပွဲများကြောင့် ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် (KPSN) အနေနှင့်စိုးရိမ်ထိတ်လန့်များမှုများဖြစ်ရပါသည်။ ဇူလိုင်လ ၂ ရက်နေ့ မနက်အစောပိုင်းတွင် မြန်မာစစ်တပ်သည် လမ်းတလျှောက်ရှိ DKBA တပ်ချထားသည့်နေရာများအား လက်နက်ကြီးများဖြင့် စတင်ပစ်ခတ်ခဲ့သည်။ တိုက်ပွဲများသည် ရက်သတ္တပတ်ကြာမြင့်စွာဖြစ်ပွားခဲ့ပြီး ကရင်ပြည်နယ်ရှိအခြားနေရာဒေသများသို့လည်းပျံ့နှံ့သွားကာအခြေအနေများမှာတင်းမာစေသည်။ ဤသည်မှာယခုနှစ်အတွင်း ယခုဒေသ၌ စတုတ္ထအကြိမ်တိုက်ပွဲများဖြစ်ပွားခြင်းဖြစ်ပြီး ယခုလကုန်တွင်တရားဝင်ဖွင့်ရန်စီစဉ်ထားသည့် အဝေးပြေးလမ်းမအားထိန်းချုပ်ရေးနှင့် ပတ်သက်ပြီး ထွက်ပေါ်လာသည့်တင်းမာမှုများမှတဆင့် ဖြစ်ပွားခြင်းဖြစ်သည်။

ဤတိုက်ပွဲများသည် အရပ်သားများ၏လုံခြုံရေးကို များစွာထိခိုက်စေသည်။ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဖွေးမူကလေးနှင့်ဘယ်ထီးထါကျေးရွာများအကြားတွင် မြန်မာစစ်တပ်သည်ရွာသားနှစ်ဦးအားပစ်သတ်ခဲ့ပြီး ကော့ကရိတ်မြို့အနီးတွင် အနည်းဆုံးနောက်ထပ်ရွာသားနှစ်ဦးလည်းဒဏ်ရာရရှိခဲ့ကြသည်။ တိုက်ပွဲများကြောင့် လမ်းခရီးသွားလာမှုများရပ်တန့်ရပြီး ရွှေ့ပြောင်းအလုပ်သမားများနှင့် အရေးပေါ်ဆေးကုသမှုလိုအပ်နေသူများအပါအဝင် ပြည်သူများစွာခရီးမသွားလာနိုင်ဘဲဖြစ်ရသည်။ ကော့ကရိတ်မြို့တွင်ရှိသောစာသင်ကျောင်းတစ်ကျောင်းကို လက်နက်ကြီးထိမှန်ခဲ့ပြီးနောက် ထိုဒေသရှိကျောင်းအများအပြားပိတ်ခဲ့ရပြီး မိဘများမှာလည်း ၎င်းတို့ ၏သား၊သမီးများအားကျောင်းသို့လွှတ်ရန်စိုးရိမ်ကြောက်ရွံ့နေရသည်။

ပဋိပက္ခများရှိနေဆဲရှိသောမြန်မာတိုင်းရင်းသားလူမျိုးများ၏နယ်မြေများအတွင်း အကြီးစားဖွံ့ဖြိုးမှုစီမံကိန်းများကို အကောင်အထည်ဖေါ်ရန်အတင်းလုပ်ဆောင်ခြင်းကြောင့်ဖြစ်ပေါ်လာရသော ကျူးနိုပ်တို့ထပ်တလဲလဲဖြစ်မြင်တွေ့

ရသည့်ဖြစ်စဉ်များနည်းတူပင်ယခုအာရှအဝေးပြေးလမ်းမတလျှောက်တွင်ပဋိပက္ခများဖြစ်ပွားသည်။ ယခုယာယီအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များသည် အဓိပ္ပာယ်ပြည့်ဝသည့်ငြိမ်းချမ်းရေးအားဖော်ဆောင်ရမည့်အစားလက်ရှိဗဟိုထိန်းချုပ်မှုစနစ်အောက်တွင် ပျက်စီးမှုများစွာဖြစ်ပေါ်စေသည့်စီမံကိန်းများအတွက်မြေသိမ်းဆည်းမှုနှင့်စစ်တပ်ပိုမိုတိုးချဲ့ရေးအတွက်သာအကျိုးပြုစေခဲ့သည်။ ၎င်းမှတစ်ဆင့်ပဋိပက္ခများပြန်လည်ဖြစ်ပေါ်စေသည်။ မြန်မာအစိုးရမှ ကရင်လူမျိုးများထိန်းချုပ်ထားသောနယ်မြေများအား ထိန်းချုပ်ရန် စစ်ဆင်ရေးများဆက်လက်ပြုလုပ်နေသည်နှင့်အမျှ ကရင်လူမျိုးများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ယုံကြည်နိုင်မည်မဟုတ်ပါ။ ယခုအချိန်မှာ တွေ့ဆုံဆွေးနွေးရမည့်အချိန်ဖြစ်ပြီး စစ်တိုက်ရမည့်အချိန်မဟုတ်ပါ။

ထိုအာရှလမ်းစီမံကိန်းသည် အချိန်ကြာမြင့်စွာကတည်းကပင် အငြင်းပွားဖွယ်ရာများဖြင့် ပြည့်နှက်နေခဲ့သည်။ Tokyo မြို့မှ Istanbul မြို့အထိ ကီလိုမီတာ ၂၀,၀၀၀ ကျော်ရှည်လျားမည့် Asian Highway 1 (AH1) စီမံကိန်းတွင် လွန်စွာအရေးပါသည့်အပိုင်းအစ(အချိတ်အဆက်)တစ်ခုအဖြစ် မြောက်ပင့်ကင်ပွန်းတပ်ထားသည့် ယခုအာရှလမ်းမကြီးအား ကရင်ပြည်နယ်အတွင်းဆောက်လုပ်ရာတွင် မြေသိမ်းဆည်းမှု၊ အတင်းအဓမ္မအလုပ်ခိုင်းစေမှုနှင့် စစ်တပ်တိုးချဲ့မှုများအတူတကွလိုက်ပါဝင်လာသည်။ ပဋိပက္ခများကြောင့်နှောင့်နှေးခဲ့ရပြီး ကရင်လက်နက်ကိုင်အုပ်စုများနှင့်မြန်မာအစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များရရှိခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်တွင် စီမံကိန်းကိုပြန်လည်စတင်ခဲ့ကာ ထိုင်းအစိုးရ၏အမေရိကန်ဒေါ်လာ ၃၈ သန်း မတည်မှုဖြင့် လျင်မြန်စွာတည်ဆောက်ပြီးစီးခဲ့သည်။ ဤအဝေးပြေးလမ်းစီမံကိန်းသည် အရှေ့- အနောက်စီးပွားရေးစင်္ကြံ (EWEC) အပြီးသတ်နိုင်ရေးအတွက်လည်း အလွန်အရေးကြီးပြီး ၎င်းသည် မဟာမဲခေါင်ဒေသခွဲ (GMS) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့၏ရှေ့ပြေးစီမံကိန်းတစ်ခုလည်းဖြစ်သည်။ လက်ရှိအချိန်တွင် ADB သည် အာရှအဝေးပြေးလမ်းမ၏အစိတ်အပိုင်းဖြစ်လာမည့် ကော့ကရိတ်မြို့နှင့်အိန္ဒူကိုဆက်သွယ်ထားသောလမ်းအား အဆင့်မြင့်တိုးချဲ့ဆောက်လုပ်သွားရန်အတွက် မြန်မာအစိုးရကို ဒေါ်လာသန်း ၁၀၀ ချေးငွေပေးရန် ပြင်ဆင်လျှက်ရှိပြီး ၎င်းကြောင့် မြေသိမ်းဆည်းမှုများဖြစ်လာမည်ကို ရွာသူရွာသားများစိုးရိမ်ကြောင့်ကြလျှက်ရှိသည်။

လမ်းဆောက်လုပ်မှုစီမံကိန်းများသည် ကရင်ပြည်နယ်အတွင်းရှိ ကျေးလက်ရပ်ရွာလူထုများအတွက် အကျိုးကျေးဇူးများယူဆောင်လာပေးနိုင်သည့်အခြေအနေများစွာရှိနေသော်လည်း စီမံကိန်းအား ဒီမိုကရေစီကျကျနှင့် ပွင့်လင်းမြင်သာမှုရှိစွာဖြင့်ပြုလုပ်သွားမှသာ ထိုကဲ့သို့ဖြစ်မည်ဖြစ်သည်။ အမှန်တကယ်ဖြစ်နေသည်မှာ နေရာရွှေ့ပြောင်းခြင်းခံရမှုများစွာဖြစ်ပွားလျက်ရှိနေသောပဋိပက္ခဇုန်များနှင့် ရွာသူရွာသားများ၏အခွင့်အရေးလွယ်ကူစွာချိုးဖေါက်ခြင်းခံရနိုင်သောနေရာများတွင် ဒေသခံရပ်ရွာလူထုများနှင့်အရပ်ဘက်လူ့အဖွဲ့အစည်းများအားသတင်းအချက်အလက်များပွင့်လင်းမြင်သာစွာချပြခြင်းမရှိဘဲဖုံးသတင်းများကိုဖုံးကွယ်ကာ အဆိုပါလမ်းစီမံကိန်းများကိုအကောင်အထည်ဖေါ်နေကြသည်။

ကရင်ပြည်နယ်အတွင်းပြုလုပ်မည့် အကြီးစားစီမံကိန်းများသည် အပြည့်အဝငြိမ်းချမ်းရေးသဘောတူညီချက်ရရှိပြီး ဒီမိုကရက်တစ်အခွင့်အရေးများအာမခံချက်ရှိကာ ဗဟိုချုပ်မှုလျှော့ချသည့်ဖယ်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ပြီးသည့်အချိန်အထိစောင့်သင့်သည်။ ၎င်းအစား အဝေးပြေးလမ်းမစီမံကိန်းပြုလုပ်လိုသူများသည် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုမှကြီးမားသည့်အမြတ်အစွန်းများရရှိမည့်အလားအလာ၏တွန်းအားဖြင့် ယခုအန္တရာယ်ရှိသည့်စီမံကိန်းအား ပြီးစီးစေရန် လျင်မြန်စွာဆောင်ရွက်လျှက်ရှိသည်။

**KPSN အနေဖြင့် အောက်ဖော်ပြပါအကြံပြုချက်များ ပေးလိုသည် -**

၁။ ပဋိပက္ခတွင်ပါဝင်သည့် တာဝန်ရှိအဖွဲ့အားလုံးအနေနှင့် ရန်လိုတိုက်ခိုက်မှုများအား ရပ်ဆိုင်းသင့်ပြီး အဝေးပြေးလမ်းမနှင့်ဆက်စပ်သည့်ကိစ္စပြဿနာများအား အင်အားသုံးမည့်အစား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဖြေရှင်းသင့်သည်။

၂။ ကရင်အမျိုးသားအစည်းအရုံး (KNU) အနေနှင့် အာရှအဝေးပြေးလမ်းမတလျှောက်တွင် လက်ရှိဖြစ်ပွားနေသောအငြင်းပွားမှုများနှင့်ပတ်သက်၍ ကြားဝင်ဖျန်ဖြေမှုဖြင့် ဆက်လက်အားထုတ်ဆောင်ရွက်ကာ ငြိမ်းချမ်းသည့်အဖြေရရှိအောင်လုပ်ဆောင်သင့်သည်။

၃။ တာဝန်ရှိအဖွဲ့အစည်းအားလုံးအနေနှင့် ပဋိပက္ခ၏အကျိုးသက်ရောက်မှုကိုခံရသောနယ်မြေများအတွင်း လူသားချင်းစာနာထောက်ထားသည့်ထောက်ပံ့မှုများ ဖြည့်ဆည်းပေးနိုင်ရန်အတွက် လူမှုအခြေပြုအဖွဲ့အစည်း၊ အစိုးရမဟုတ်သော ပြည်တွင်းနှင့်ပြည်ပအဖွဲ့အစည်းများကို သွားရောက်ခွင့်ပေးသင့်သည်။

၄။ မြန်မာစစ်တပ်နှင့် ကရင်လက်နက်ကိုင်အဖွဲ့များသည်အကြား နှစ်ဦးနှစ်ဖက်သဘောတူသည့် Code of Conduct (ကျင့်ဝတ်ဆိုင်ရာလုပ်ထုံးလုပ်နည်း)တစ်ခုအား ချမှတ်သဘောတူလိုက်နာစောင့်ထိန်းသင့်ပြီး အာရှအဝေးပြေးလမ်းမတလျှောက်ရှိပြည်သူများ၏ အသက်အိုးအိမ်လုံခြုံမှုကိုအာမခံချက်ပေးနိုင်ရန်၊ တိုက်ပွဲများထပ်မံဖြစ်ပွားခြင်းကို ဟန့်တားရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယုံကြည်မှုများတည်ဆောက်ရန်အတွက် သီးခြားလွတ်လပ်သည့် စောင့်ကြည့်လေ့လာရေးယန္တရားတစ်ခုအား ချမှတ်သင့်သည်။

၅။ အဖွဲ့အားလုံးအနေနှင့်ဒေသအတွင်း ရှင်သန်ပြီးမျှတသည့်ငြိမ်းချမ်းရေးရရှိရေးကို မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ကြံ့ခိုင်ပြီးပွင့်လင်းမြင်သာမှုရှိကာရေရှည်တည်တံ့မည့် နိုင်ငံရေးအဖြေတစ်ခုဆီသို့ဦးတည်ပြီးဆောင်ရွက်သင့်သည်။

၆။ ကရင်ပြည်နယ်အတွင်း အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများအား ငွေကြေးထောက်ပံ့မှုပေးနေသည့် ထိုင်းနိုင်ငံ၊ ADB ၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် အခြားသောဖွံ့ဖြိုးရေးဆိုင်ရာလုပ်ကိုင်ဆောင်ရွက်သူများအနေနှင့် ၎င်းတို့၏လုပ်ငန်းလုပ်နည်းကိုင်နည်းတွင် ပဋိပက္ခပိုင်းဆိုင်ရာစိုးရိမ်မှုများကိုထည့်သွင်းစဉ်းစားသွားရန် ပြန်လည်လေ့လာသုံးသပ်သင့်သည်။ ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများနှင့် ဂုဏ်သိက္ခာတို့အပေါ်ထိခိုက်မည့် အန္တရာယ်ကိုလျော့ပါးစေရန်အတွက် ၎င်းတို့၏လုပ် ငန်းနည်းနည်းဗျူဟာအား လက်ရှိမြေပေါ်တွင်ဖြစ်ပေါ်နေသည့် လတ်တလောနိုင်ငံရေးအခြေအနေများနှင့်အညီ ရေးဆွဲသင့်သည်။

၇။ အဝေးပြေးလမ်းစီမံကိန်းနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တလျှောက်လုံးတွင် အရပ်ဘက်လူ့အဖွဲ့အစည်း၊ ဒေသခံရပ်ရွာလူထု၊ စသည်များနှင့်အမြဲတမ်းနီးနီးကပ်ကပ်ထိတွေ့ကာ ဆောင်ရွက်လုပ်ဆောင်သွားသင့်သည်။

**ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် (KPSN)**

KPSN (ယခင် KCBPSN) သည် မြန်မာနိုင်ငံတွင် အကြီးဆုံးကရင်အရပ်ဘက်လူ့အဖွဲ့အစည်းကွန်ရက် ဖြစ်သည်။ ၎င်း၏အဖွဲ့ဝင်အဖွဲ့အစည်းများသည် ပဋိပက္ခဒဏ်ခံနေရသောနယ်မြေများရှိ ခုခံနိုင်စွမ်းမရှိသည့်လူများနှင့်ရပ်ရွာလူထုများအား ဆယ်စုနှစ်ပေါင်းများစွာပံ့ပိုးပေးလျှက်ရှိပြီး ဒေသခံရပ်ရွာလူထုများအား အခွင့်အာဏာများပေးရန်

ကြိုးပမ်းလျှက် ပွင့်လင်းမြင်သာပြီးတာဝန်ယူသည့်အဖွဲ့အစည်းများတည်ဆောက်ကာ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးပေါ်ထွက်လာရန်ကူညီပံ့ပိုးလျှက်ရှိသည်။

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်သည်

- ကရင်ရပ်ရွာလူထုများအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုးကြားမှုမြှင့်တင်ခြင်း၊
- ရပ်ရွာလူထုများအနေနှင့် ၎င်းတို့၏အခွင့်အရေးအတွက်ကိုယ်တိုင်လှုပ်ရှားတောင်းဆိုနိုင်ရန်နှင့် ၎င်းတို့တွင်ရှိသောအခွင့်အရေးကိုသိမြင်နားလည်လာနိုင်ရန်အတွက် စွမ်းရည်မြှင့်တင်ပေးခြင်း၊
- ရပ်ရွာလူထုများအနေနှင့် ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းများ ဖန်တီးနိုင်ရန်နှင့် သူတို့၏ဘဝအရည်အသွေးများပိုမိုတိုးတက်ကောင်းမွန်လာနိုင်ရန် လက်တွေ့ကျသည့်ပံ့ပိုးမှုများဖြင့် ဖြည့်ဆည်းပံ့ပိုးပေးခြင်း၊
- ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် နေရပ်ပြန်လည်နေရာချခံရမည့်ဒုက္ခသည်များအားထောက်ပံ့ပေးခြင်း၊
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား စောင့်ကြည့်လေ့လာခြင်း၊
- မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ပြီးမျှတသည့်ငြိမ်းချမ်းရေးရရှိရန်အတွက် ညှိနှိုင်းဆွေးနွေးမှုများနှင့်ထောက်ခံအားပေးမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း

စသည့်အထက်ပါအချက်များကိုရည်စူးလုပ်ဆောင်နေသောအဖွဲ့ဖြစ်သည်။

**အောက်ဖော်ပြပါ KPSN အဖွဲ့ဝင်များသည် ဤကြေငြာစာတမ်းအား တရားဝင်ထောက်ခံသည် -**

| | အဖွဲ့အစည်း | အမည်အတိုကောက် |
|---|---|---|
| ၁ | Burma Issues | BI |
| ၂ | Back Pack Health Worker Team | BPHWT |
| ၃ | Karen Affairs Committee | KAC |
| ၄ | Karen Development Committee | KDC |
| ၅ | Karen Education Department | KED |
| ၆ | Karen Environmental and Social Action Network | KESAN |
| ၇ | Karen Human Rights Group | KHRG |
| ၈ | Karen Office for Relief and Development | KORD |
| ၉ | Karen Refugee Committee | KRC |
| ၁၀ | Karen Refugee Committee Education Entity | KRCEE |
| ၁၁ | Karen Rivers Watch | KRW |
| ၁၂ | Karen Student Network Group | KSNG |
| ၁၃ | Karen Teacher Working Group | KTWG |
| ၁၄ | Karen Women Empowerment Group | KWEG |
| ၁၅ | Karen Women Organization | KWO |

| | | |
|---|---|---|
| ၁၆ | Karen Youth Organization | KYO |
| ၁၇ | Mae Tao Clinic | MTC |
| ၁၈ | Hsar Mu Htaw | HMH |
| ၁၉ | Hku Po Ka Paw | HPKP |
| ၂၀ | Karen Environment Network | KEN |
| ၂၁ | Youth Circle | YC |
| ၂၂ | Mutraw Community Development Committee | MCDC |
| ၂၃ | Taw Oo Development Committee | TODC |
| ၂၄ | Thwee Development Network | TDN |
| ၂၅ | Committee for Internally Displaced Karen People | CIDKP |




ကရင်ပြည်နယ်ရှိ လမ်းစီမံကိန်းများ၊ Thailand National Economic and Social Development Board ၊ ၂၀၁၅။




အရှေ့-အနောက် စီးပွားရေးစင်္ကြံ ၊East-West Economic Corridor (EWEC) – ADB ၊ ၂၀၁၀။



Asian Highway 1 (AH1) – Wikipedia ၊ ၂၀၁၉။